ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

လယ်ဝေးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ရွှေပြည်အေးကျေးရွာ၊ ရွှေပြည်အေးကျေးရွာအုပ်စု

၂၀၁၆ခုနှစ် လယ်ဝေးမြို့နယ်

## မာတိကာ


၁။ မြို့နယ်မြေပုံ ........ 3

၂။ ကျေးရွာအုပ်စုမြေပုံနှင့်ကျေးရွာတည်နေရာပြမြေပုံ ........ 4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ........ 5

၄။ ကျေးရွာအခြေခံအချက်အလက်များ ........ 5

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ........ 9

(PSA/PRA) အကျဉ်းချုပ်ဇယား ........ 9

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ........ 10

(၆-က) ရှေးပြည်အေးကျေးရွာသမိုင်းသုံးသပ်ချက် (Village History) ........ 10

(၆-ခ) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social Map/Resource Map) ........ 11

(၆-ဂ) ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking) ........ 12

(၆-ဃ) ကျား-မ အခန်းကဏ္ဍသုံးသပ်ခြင်း (Cob Web) ........ 13

(၆-င) ရာသီခွင်ပြဇယား (Seasonal Calendar) ........ 14

(၆-စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ် (Venn diagram) ........ 16

(၆-ဆ) အခက်အခဲများ (Obstacles) ........ 17

(၆-ဇ) ပြဿနာသစ်ပင် (Problem Tree) ........ 18

(၆-ဈ) နောင်(၅)နှစ်စာ မျှော်မှန်းချက် ........ 19

(၆-ည) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း ........ 20

၇။ ကျေးရွာအတွင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအဆင့်များနှင့်အစည်းအဝေးတက်ရောက်သူများစာရင်း ........ 21

၈။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 23

၉။ ကော်မတီဝင်များစာရင်း ........ 24


၁၀။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........ 25

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း ........ 27


၁၂။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........ 28

၁၃။ အစည်းအဝေးမှတ်တမ်းများ ........ 29

၁။ မြို့နယ်မြေပုံ



## ၂။ ကျေးရွာအုပ်စုမြေပုံနှင့်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ရွှေပြည်အေး | ရွှေပြည်အေး | |
| ၂ | ရွှေပြည်အေး | ငှက်ပျောတော | |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

(က) လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၀၂ | ဘာသာ(၁) ဗုဒ္ဓ | ၃၀၂ |
| လူမျိုးစု (၂) _ _ _ _ _ | | ဘာသာ(၂) _ _ _ _ _ | |
| လူမျိုးစုရော _ _ _ _ _ | | ဘာသာရော _ _ _ _ _ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | ၆၀၉ | ၆၇၂ |
| ကျား/မ ဦးဆောင်သောအိမ်ထောင်စု | ၂၇၇ | ၂၅ |

(ခ) လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ

| စာသင်ကျောင်း | ရှိ/မရှိ | ကျန်းမာရေး | ရှိ/မရှိ | ဘာသာရေးအဆောက်အဦး | ရှိ/မရှိ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးပေးခန်း | √ | ခရစ်ယာန်ကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| အခြား | | အခြား | | အခြား | |
| *မှတ်ချက်* | | *မှတ်ချက်*- ယာယီအဆောက်အဦး | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြ ဆရာ/ဆရာမ | √ | | ဆရာဝန် | | | လက်သမား | √ | √ |
| အထက်တန်းပြ ဆရာ/ဆရာမ | | | လက်ထောက် ကျန်းမာရေးမှူး | | | ပန်းရံ | √ | √ |
| အလယ်တန်းပြ ဆရာ/ဆရာမ | | | အမျိုးသမီး ကျန်းမာရေး ဆရာမ | | √ | လျှပ်စစ် ဆိုင်ရာ | √ | |
| မူကြိုဆရာ/ဆရာမ | | | အရံသားဖွား | √ | | ရေပိုက် သွယ်သူ | | √ |
| အခြား | | | ပြည်သူ့ကျန်းမာရေးလုပ်သား (၁)/(၂) | | | စက်ပြင်ဆရာ | √ | √ |
| *မှတ်ချက်*- အထွေထွေ ဆရာမ(၁)ဦးရှိ | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ယ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ

- o ကျောက်ကြမ်းလမ်း ( )
- o ကတ္တရာလမ်း ( )
- o ကွန်ကရစ်လမ်း ( )
- o မော်တော်ဆိုင်ကယ်လမ်း ( )
- o ကျောက်ခင်းလမ်း ( √ )
- o မြေသားလမ်း ( )
- o လူသွားလမ်း ( )
- o အခြား ( )

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိပါသလား ?
ရှိပါသည် ( )၊ မရှိပါ ( )၊ မသိပါ ( √ )

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကိုမည်သည့်ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်...........၊ မသိပါ ( √ )

(၃) ဤစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား ? ပြုခဲ့ပါသည် ( )၊ မပြုခဲ့ပါ ( ) ၊ မသိပါ (√ )

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ ဗဟိုမှ၎င်းကျေးရွာအုပ်စုဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? ( **၀ မိုင်** )

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန်

- ထော်လာဂျီ ( ) နာရီ၊ မိနစ်
- မော်တော်ဆိုင်ကယ် ( ) နာရီ၊ မိနစ်
- ခြေလျှင် ( ) နာရီ၊ မိနစ်
- လှည်း ( ) နာရီ၊ မိနစ်
- မော်တော်ဘုတ် ( ) နာရီ၊ မိနစ်
- အခြား _ _ _ _ _ _ _ ( ) နာရီ၊ မိနစ်

မိုးရာသီတွင်ကြာချိန်

- ထော်လာဂျီ ( ) နာရီ၊ မိနစ်
- မော်တော်ဆိုင်ကယ် ( ) နာရီ၊ မိနစ်
- ခြေလျှင် ( ) နာရီ၊ မိနစ်
- လှား ( ) နာရီ၊ မိနစ်
- မော်တော်ဘုတ် ( ) နာရီ၊ မိနစ်
- အခြား ------------------- ( ) နာရီ၊ မိနစ်

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -

(၁) ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းရှိပါသလား?
မရှိပါ ( √ )၊ ရှိပါသည် ( )၊ မသိပါ ( ) ။

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများ ကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား?

(၁) ပရဟိတအဖွဲ့

(၂) မီးလင်းရေးအဖွဲ့

(၃) အမျိုးသမီးရေးရာအဖွဲ့

(၄) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၁၉.၃.၂၀၁၆ | အုပ်ချုပ်ရေးမှူး ကျေးရွာကော်မတီဝင်များ | ၅ | ၃ | ၈ | ကျေးရွာဖြစ်ပေါ်လာပုံခုနှစ်နှင့် ထူးခြားဖြစ်စဉ်များ။ |
| ၂ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social & Resource Map) | ၁၉.၃.၂၀၁၆ | စေတနာ့ဝန်ထမ်း အမျိုးသား အမျိုးသမီး | ၆ | ၄ | ၁၀ | အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊ သစ်တောများ၊ ဆည်မြောင်းများ။ |
| ၃ | ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များ သုံးသပ်ခြင်း (Wealth Ranking) | ၁၉.၃.၂၀၁၆ | ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု၊ မပြေလည်သောအုပ်စု | ၇ | ၄ | ၁၁ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ်အခြေခံပြီး အဆင့်၃ဆင့်တွင်ပါဝင်သောအိမ်ထောင်စုအရေအတွက်ခန့်မှန်းခြင်း၊ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား မှတ်တမ်းတင်ခြင်း။ |
| ၄ | ကျား-မ အခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb) | ၁၉.၃.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၁၀ | ၁၀ | ၂၀ | အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြဇယား (Seasonal Calendar) | ၁၉.၃.၂၀၁၆ | စေတနာ့ဝန်ထမ်း အမျိုးသားများ အမျိုးသမီးများ | ၁၀ | ၁၂ | ၂၂ | ရာသီဥတု၊ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ လမ်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပွဲတော်များ၊ ဝင်ငွေ/ထွက်ငွေအခြေအနေ။ |
| ၆ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ် (Venn Diagram) | ၁၉.၃.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၉ | ၆ | ၁၅ | လူထုနှင့်ထိတွေ့ဆက်ဆံပြီးလူထုအကျိုးစီးပွားအတွက်ဆောင်ရွက်လျှက်ရှိသောရွာတွင်းနှင့်ရွာပြင်ပအဖွဲ့အစည်းများအားဖော်ထုတ်ခြင်းနှင့်ဆက်သွယ်မှုပုံသဏ္ဍာန်ကိုကားချပ်ဖြင့်မှတ်တမ်းတင်ခြင်း။ |
| ၇ | အခက်အခဲများ/ ပြဿနာများ (Obstacles) | ၁၉.၃.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၃၅ | ၃၃ | ၆၈ | အမျိုးသားများနှင့်အမျိုးသမီးများ နေ့စဉ်လူနေမှုဘဝတွင်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများအားဆွေးနွေးဖော်ထုတ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ပြဿနာသစ်ပင် (Problem Tree) | ၁၅.၃.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၆၁ | ၁၀၃ | ၁၆၄ | အမျိုးသမီးများနှင့်အမျိုးသားများ ကြုံတွေ့နေရသောအခက်အခဲများ မှအဓိကအခက်အခဲတစ်ခုကိုရွေး ချယ်ခြင်း၊ သစ်ပင်ပုံကိုအခြေခံ လျှက်အကြောင်း အကျိုးဆက်စပ်ပုံဖော်ခြင်း။ |
| ၉ | နောင် ၅ နှစ်စာ မျှော်မှန်းချက် (Future Plan) | ၁၅.၃.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၆၁ | ၁၀၃ | ၁၆၄ | အဓိကပြဿနာကိုပြေလည်စေ သောအကြောင်းရင်းများအား ပြေလည်စေမည့်လုပ်ငန်းများအား ဖော်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း (Priority Ranking) | ၁၅.၃.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၆၁ | ၁၀၃ | ၁၆၄ | ကျေးရွာလူထု၏လိုအပ်ချက်ကို ဖော်ထုတ်ထားသောလုပ်ငန်းများ အားဦးစားပေးအဆင့်နှိုင်းယှဉ် သတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (၆-က) ရွှေပြည်အေးကျေးရွာသမိုင်းသုံးသပ်ချက် (Village History)

ရွှေပြည်အေးကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း(၁၅၀)ကျော်ခန့်ကပင် တည်ထောင်ခဲ့ကြပြီး၊ ယခုအချိန်တွင် အိမ်ခြေပေါင်း(၃၀၂)ရှိပြီး၊ အမျိုးသားဦးဆောင်အိမ်ထောင်စု (၂၇၇) အိမ်ထောင်စု၊ အမျိုးသားလူဦးရေ(၆၀၉)ဦးနှင့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၂၅)အိမ်ထောင်စု၊ အမျိုးသမီးလူဦးရေ(၆၇၂)ဦး ရှိပါသည်။ စုစုပေါင်းလူဦးရေ(၁၂၈၁)ဦးနေထိုင်ကြပါသည်။ ရွှေပြည်အေးကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး စပါး၊ မတ်ပဲ ၊ နှမ်း ၊ ပြောင်း စသည့် သီးနှံများ စိုက်ပျိုးကြပါသည်။ နေ့စားလုပ်သားများလည်းရှိပါသည်။ ရွှေပြည်အေးရွာမှ လယ်ဝေးမြို့သို့ ဆိုင်ကယ်ဖြင့်သွားလျှင် (၂၀)မိနစ်ခန့်သာ သွားရသည့်အတွက် လိုအပ်သည့်ပစ္စည်းများကို အလွယ်တကူသွားရောက် ဝယ်ယူနိုင်သကဲ့သို့ ကျေးရွာမှထွက်ကုန်ဖြစ်သော ကောက်ပဲသီးနှံများကိုလည်း အလွယ်တကူသွားရောက် ရောင်းချနိုင်ပါသည်။ ရွာတွင်းလမ်းများမှာ ရိစာလမ်းများဖြစ်ပြီး မိုးတွင်းတွင် သွားလာရေးခက်ခဲမှုမရှိပါ။ ရွှေပြည်အေးကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း တစ်ရွာလုံးအိမ်မီးမလင်းနိုင်သေးပါ။ အိမ်ခြေ(၁၅၀)အိမ် မီးရရှိသော်လည်း အိမ်ခြေ(၁၅၂)အိမ်မှာ မီးမလင်းသေးပါ။ သောက်သုံးရေ အလုံအလောက်ရရှိပါသည်။ ကျေးရွာမူလတန်းစာသင်ကျောင်းကို (၁၉၄၅)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၊ယခုအချိန်တွင် မူလတန်း ကျောင်းသားဦးရေ(၆၀)နှင့် ကျောင်းသူဦးရေ(၈၀)ဦး၊ စုစုပေါင်းမူလတန်းကျောင်းသား/သူဦးရေ (၁၄၀)ဦးရှိပြီး၊ ဆရာဆရာမ(၆)ဦး ရှိပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်းနှင့် ယာယီကျေးလက်ဆေးပေးခန်း (၁) ခုရှိပါသည်။

## (၆-ခ) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social Map/Resource Map)



**လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

ရွှေပြည်အေးကျေးရွာသည် လယ်ဝေးမြို့နယ်၊ ရွှေပြည်အေးကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လယ်ဝေးမြို့အရှေ့တောင်ဘက်တွင်ရှိပြီး လယ်ဝေးမြို့မှ(၃)မိုင်ကျော် ကွာဝေးပါသည်။ လယ်ဝေးမြို့သို့ ဆိုင်ကယ်ဖြင့်သွားမည်ဆိုပါက (၂၀)မိနစ်ခန့်သာကြာမြင့်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သပြေပင်ကျေးရွာ ၊ မြောက်ဘက်တွင် ငုက်ပျောတောကျေးရွာ၊ အရှေ့တောင်ဘက်တွင် ရွာသစ်ကြီးကျေးရွာနှင့် အနောက်ဘက်တွင် ရှားချောင်းကျေးရွာ တို့ရှိပါသည်။ ရွှေပြည်အေးကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကို ကြည့်ရှုခြင်းအားဖြင့် ရွာတည်ရှိမှုနှင့် အိမ်ခြေအနေအထားမှာ စုစည်းစွာတည်ရှိနေပြီး အဆင်ပြေသော အိမ်ထောင်စုအရေအတွက် (၃)အိမ်ထောင်စု၊ အလယ်အလတ် အဆင့်ရှိ သောအိမ်ထောင်စု (၁၅၀)ဝန်းကျင်နှင့် သာမန်အဆင့်ရှိသော အိမ်ထောင်စု(၁၄၉)အိမ်တို့ ရှိပါသည်။ မသန်စွမ်းရှိသော အိမ်(၃)အိမ် ရှိပါသည်။

ရွှေပြည်အေးကျေးရွာတွင် မူလတန်းစာသင်ကျောင်း(၁)ကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၊ ကျေးရွာဆေးပေးခန်း(၁)ခန်းစသည့် လိုအပ်သောအခြေခံအဆောက်အဦးများသာရှိပါသည်။ ကျေးရွာအတွင်းတွင် သာမန်အိမ်ထောင်စုများ ဖြစ်နေကြရသည့် အကြောင်းအရင်းမှာ ကျေးရွာတွင် သာမန်လက်လုပ်လက်စား/နေ့စားများအဖြစ် အလုပ်လုပ်ကိုင်စားသောက်နေရသောကြောင့် ဖြစ်ပါသည်။

(၆-ဂ) ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking)





**ဥစ္စာဓနပိုင်ဆိုင်မှုများအားအဆင့်လိုက်သုံးသပ်ခြင်း**

ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအလိုက် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို သုံးသပ်ရာတွင် ဦးစွာအဆင်ပြေသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ သာမန်အုပ်စု (၃)စုခွဲ၍ လေ့လာပါသည်။ ရွှေပြည်အေးကျေးရွာတွင်ရှိသော အဆင်ပြေသောအုပ်စုသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး ထော်လာဂျီ၊ Light Truck ၊ Probox ကား၊ မော်တော်ဆိုင်ကယ်၊ TV ၊ တန်ဖိုးမြင့် ဟန်းဆက်၊ ကျွဲ ၊ နွား ၊ လှည်း ၊ ဆန်စပါး ၊ ရေတွင်းတူးစက်/ကိရိယာ ၊ လယ် တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အုပ်စုမှာ ဆိုင်ကယ်၊ ဖုန်း၊ TV၊ လယ်၊ ကျွဲ၊ နွား၊ လှည်း၊ Sky Net စလောင်း၊ ဂုံဒေါင်းကား ပိုင်ဆိုင်သည်ကို တွေ့ရှိရပါသည်။ သာမန်အုပ်စုများ၏ ပိုင်ဆိုင်မှုမှာ ဆိုင်ကယ်၊ ဖုန်း၊ TV၊ စက်ဘီးတို့သာ ရှိပါသည်။ အများစုမှာ နေ့စားလုပ်သားများဖြစ်ကြပါသည်။

ရွှေပြည်အေးကျေးရွာတွင် ဆင်းရဲချမ်းသာကွာဟမှုမှာ သိသိသာသာမြင့်မားနေသည်။ ရွှေပြည်အေး ကျေးရွာတွင် အိမ်ခြေပေါင်း (၃၀၂)အိမ်ရှိသည့်အနက်တွင်းမှ ပထမအဆင့်ပြေလည် သောအုပ်စုတွင် အိမ်ခြေ (၃) အိမ်၊ ဒုတိယအဆင့် အလယ်အလတ်အုပ်စုတွင်အိမ်ခြေ (၁၅၀) နှင့် တတိယ အဆင့် သာမန် အုပ်စုတွင် အိမ်ခြေ(၁၄၉)အိမ် အသီးသီးတွေ့ရှိရသည်။ တစ်ရွာလုံးအိမ်ထောင်စုဦးရေ၏ (၃) အိမ်ထောင်စု သာလျှင် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြသည်။ အချုပ်ဆိုရသော် ရွှေပြည်အေးကျေးရွာ အတွင်း တွင် အဆင်ပြေသောအိမ်ထောင်စုအရေအတွက်နှင့် သာမန်အိမ်ထောင်စုအရေအတွက်သည် အဆ(၅၀) ကွာဟနေပါသည်။

| စဉ် | အုပ်စု | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြေလည်သောအုပ်စု | ၃ | ၁% |
| ၂ | အလယ်အလတ်အုပ်စု | ၁၅၀ | ၅၀% |
| ၃ | မပြေလည်သောအုပ်စု | ၁၄၉ | ၄၉% |
| | **စုစုပေါင်း** | ၃၀၂ | **၁၀၀%** |

## (၆-ဃ) ကျား-မ အခန်းကဏ္ဍသုံးသပ်ခြင်း (Cob Web)

**ကျားမအခန်းကဏ္ဍသုံးသပ်ချက်**

ကျေးရွာရှိ ရွာသူ/သားများ၏ ကျား၊ မ အခန်းကဏ္ဍအခြေအနေများကို ကျေးရွာအစည်းအဝေးတွင် နေ့စဉ်လုပ်ရှားမှုပုံစံများမှ အကြောင်းအရာများပေါ်တွင် လွှမ်းမိုးနိုင်မှု၊ သာလွန်မှုအခြေအနေများကို လေ့လာခဲ့ပါသည်။ ကျား၊ မ ကဏ္ဍအတွက်ကျေးရွာများတွင် တွေ့ရှိရလေ့ရှိသော အချက် (၈)ချက်ဖြစ် သည့် အိမ်မှုကိစ္စ၊ ကျန်းမာရေး၊ လုံခြုံမှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု၊ ဝင်ငွေရရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ဘာသာရေး စသည့်အကြောင်းများကိုလေ့လာခဲ့သည်။

ပင့်ကူအိမ်သုံးသပ်ခြင်းပုံ (အမျိုးသား)သည် တစ်ရွာလုံးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိသူ (၃၅%) ရှိနေပါသည်။ ဝင်ငွေရရှိမှုသည် (၆၀%) ရှိနေပါသည်။ အကြောင်းမှာ လတ်တလောပေါ်ပေါက်လာသော လုပ်ငန်းငယ်လေးများ ဆောင်ရွက်နေခြင်းမှာ ဝင်ငွေများရရှိနေခြင်းဖြစ်သည်။ သိသိသာသာ အနေဖြင့် အမျိုးသားများသည် အိမ်မှုကိစ္စအလုပ်များတွင် ပါဝင်ဆောင်ရွက်မှုမှာ (၂၀%) သာရှိနေပါသည်။

အကြောင်းမှာ အမျိုးသားများသည် အိမ်ပြင်သို့ထွက်ကာ အလုပ်လုပ်များ လုပ်နေရသောကြောင့် အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက် အားနည်းနေခြင်းဖြစ်သည်။

ပင့်ကူအိမ်သုံးသပ်ခြင်းပုံ (အမျိုးသမီး)သည် တစ်ရွာလုံးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိသူ(၃၀%)ရှိနေသလို ဝင်ငွေရရှိမှုသည်လည်း (၃၀%) ရှိနေပါသည်။ အကြောင်းမှာ ရာသီချိန်အလုပ်များ လုပ်ပြီး သောအခါတွင် အခြားသော သက်မွေးဝမ်းကြောင်းအလုပ်များ ဆောင်ရွက်ရန်မရှိတော့သောကြောင့် ဖြစ်သည်။ သိသိသာသာအနေဖြင့် အမျိုးသမီးများသည် အိမ်မှုကိစ္စအလုပ်များတွင် ပါဝင်ဆောင်ရွက်မှုမှာ (၉၀%)ရှိနေပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်ပြင်သို့ထွက် အလုပ်လုပ်များလုပ်ရသည် ထက်အိမ်မှုကိစ္စများတွင် အဓိကပါဝင်ဆောင်ရွက် နေခြင်းကြောင့် ဖြစ်သည်။

အချုပ်ဆိုရသော်တွေ့ရှိရသောရလာဒ်များအရ အိမ်မှုကိစ္စနှင့် ဘာသာရေးကိစ္စများတွင် အမျိုးသမီးများမှ ဦးဆောင်အားသာနေပြီး၊ အခြားသော ကဏ္ဍများတွင် အမျိုးသမီးများမှာ အမျိုးသားများထက်ပိုမိုထူးခြားပြီး ဦးဆောင်နိုင်မှု မတွေ့ရပါ။ ထို့ကြောင့် လွှမ်းမိုးမှုအပိုင်းတွင် အမျိုးသားများမှအားသာချက်ရှိနေပြီး ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောကိစ္စရပ်များအတွက် ကျား၊ မ အခန်းကဏ္ဍတန်းတူမှုရှိရန် လိုအပ်နေသည်ဟု သုံးသပ်ရပါသည်။

### (၆-င) ရာသီခွင်ပြဇယား (Seasonal Calendar)



**ရာသီခွင်ပြဇယားအားသုံးသပ်ခြင်း**

ကျေးရွာရာသီခွင်ပြဇယားအား သုံးသပ်ရာတွင် ဆယ်နှစ်လရာသီအတွင်း ဖြစ်ပေါ်/တည်ရှိနေသော ရာသီဥတု၊ ကျန်းမာရေး၊ ရေရရှိမှုအခြေအနေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်၊ ဝင်ငွေ/ထွက်ငွေ၊ ပွဲလမ်းသဘင်နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို လေ့လာခဲ့ပါသည်။


ရွှေပြည်အေးကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ မြေပဲ၊ နှမ်းနှင့်မတ်ပဲတို့ စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်း၍ မတ်ပဲဆက်လက်စိုက်ပျိုးပြီး တပေါင်းလတွင် မတ်ပဲရိတ်သိမ်းကြပါသည်။ ရာသီအလိုက်ပွဲတော်များအနေဖြင့် တန်ခူးလတွင်သက်ကြီးပူဇော်ပွဲ၊ ကဆုန်လတွင် ပဌာန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုပွဲ၊ ဝါခေါင်လတွင် စာရေးတံခွဲမဲပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲ၊ တပို့တွဲလတွင် ထမနဲပွဲ၊ တပေါင်းလတွင် ရှင်ပြုပွဲများကျင်းပကြောင်း သိရှိရပါသည်။

မိုးများသည့်ရာသီများတွင် သွေးလွန်တုပ်ကွေးရောဂါများဖြစ်လေ့ရှိပြီး၊ တန်ခူးလတွင်ဝမ်းပျက်ရောဂါ၊ တပေါင်းလနှင့်ကဆုန်လများတွင် အပူရှပ်တတ်သည့် ရာသီအလိုက်ဖြစ်တတ်သည့် ရောဂါများကို တွေ့ရှိရပါသည်။ သာမန်ဖြစ်လေ့ဖြစ်ထရှိသည့် ကျန်းမာရေးကိစ္စများကို ကျေးရွာရှိကျန်းမာရေးဝန်ထမ်း ဆရာမကိုသာ ပြသလေ့ရှိပါသည်။ ကျန်းမာရေးအတွက် အရေးကြီးပြသရန်လိုအပ်ပါက လယ်ဝေးမြို့သို့ သွားရောက်ပြသသည်ကိုတွေ့ရှိရပါသည်။

မတ်ပဲနှုတ်၊ နှမ်းရိတ်၊ စပါးစတင်စိုက်ပျိုးသောရာသီနှင့် စပါးရိတ်သိမ်းသော ရာသီများတွင် ဝင်ငွေများကောင်းမွန်သည်ကိုတွေ့ရှိပြီး၊ ကျန်ရာသီများတွင် ဝင်ငွေရရှိမှုမှာ သာမန်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ရာသီအလိုက်ထွက်ငွေအနေဖြင့် သိသိသာသာထူးခြားမှု မရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာအတွင်း ရေရရှိမှုအနေဖြင့် အခက်အခဲမရှိသည်ကို တွေ့ရှိရပြီး၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီကာလ၌ပင် ရွာတွင်းလမ်းအချို့၌ ဗွက်ထခြင်းများရှိသည်ကို တွေ့ရှိရပါသည်။

## (၆-စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ် (Venn diagram)





**အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အားသုံးသပ်ခြင်း**

ရွှေပြည်အေးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုနှင့် ကျေးရွာအတွင်းအဖွဲ့အစည်းများ တည်ရှိနေမှုကို လေ့လာကြည့်မည်ဆိုပါက ကျေးရွာ၏ အများအကျိုးကို ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ရှိနေသည်ကိုတွေ့ရှိရပါသည်။ စီမံကိန်း/အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ လာရောက်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမရှိသေးပါ။ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများအနေဖြင့် စိုက်ဘဏ်၊ ကျေးလက်ကျန်းမာရေး၊ သမဝါယမ အဖွဲ့အစည်းများနှင့် ရံဖန်ရံခါဖြစ်စေ၊ လုပ်ငန်းချိန်တွင်ဖြစ်စေ ချိတ်ဆက်ဆောင်ရွက်မှုများ ရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် အချင်းချင်းပြန်လည်ချိတ်ဆက် ဆောင်ရွက်မှုများရှိနေသည်ကို တွေ့ရှိရပါသည်။ အချုပ်ဆိုရသော် ရွှေပြည်အေးကျေးရွာအနေဖြင့် အစိုးမဟုတ်သော အဖွဲ့အစည်းများ၊ ကူညီထောက်ပံ့ပေးနေသော အဖွဲ့အစည်းများနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ဖူးသော အလေ့အထများ၊ အတွေ့အကြုံများ မရှိသည်ကို တွေ့ရှိရပါသည်။

## (၆-ဆ) အခက်အခဲများ (Obstacles)

| အမျိုးသားအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ | | အမျိုးသမီးအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပျက်စီးနေခြင်း | ၁ | ကျန်းမာရေးပြသရန်အတွက် ဆေးခန်း အခက်အခဲရှိနေခြင်း |
| ၂ | ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများ မကောင်းခြင်း | ၂ | ကျေးရွာစာသင်ကျောင်း အဆောက်အဦး ယိုယွင်းပျက်စီးနေခြင်း |
| ၃ | ကျေးလက်ဆေးပေးခန်းမကောင်းပါ | ၃ | လမ်းပန်းဆက်သွယ်မှု အခက်အခဲရှိနေခြင်း |
| ၄ | ဆည်/ကျောက်တံခါးပျက်စီးနေခြင်း | ၄ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပျက်စီးနေခြင်း |
| ၅ | လမ်းကူးတံတားပျက်စီးနေခြင်း | ၅ | ဆင်းရဲချို့တဲ့သော အမျိုးသမီးများအတွက် မီးဖွားစရိတ် မတတ်နိုင်ခြင်း |
| ၆ | ရိုးမြောင်းများ ပိတ်ဆို့နေခြင်း | ၆ | ကျေးရွာမီးသတ်ရေကန်မရှိခြင်း |
| ၇ | မူကြိုစာသင်ကျောင်းပျက်စီးနေခြင်း | ၇ | ရွာတွင်း ရေမြောင်းများပိတ်ဆို့နေခြင်း |
| ၈ | စာသင်ကျောင်းဆောင်ပျက်စီးနေခြင်း | ၈ | ဆင်းရဲချို့တဲ့သောသူများအတွက် လျှပ်စစ် မီးအခက်ရှိနေခြင်း |
| ၉ | မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း | ၉ | မိုးရာသီတွင် ပိတောက်မြိုင်ကျေးရွာသို့ သွားသောလမ်း အခက်အခဲဖြစ်နေခြင်း |
| ၁၀ | ကျေးရွာမီးအားပေးစက်ဗို့အားနည်းနေခြင်း | | |
| ၁၁ | ကျန်းမာရေးပြသရန် လူနာတင်ကားမရှိခြင်း | | |
| ၁၂ | သုသာန်ဇရပ်မကောင်းခြင်း | | |
| ၁၃ | ကျေးရွာအတွင်း မင်္ဂလာခန်းမဆောင်မရှိခြင်း | | |
| ၁၄ | စာကြည့်တိုက်မရှိခြင်း | | |
| | | | |
| | | | |

### (၆-ဇ) ပြဿနာသစ်ပင် (Problem Tree)




**ပြဿနာသစ်ပင်သုံးသပ်ခြင်း**

ကျေးရွာအခက်အခဲများနှင့် ပြဿနာများဆွေးနွေးဖော်ထုတ်ရာတွင် ကျားနှင့်မဖော်ထုတ်လာသောအခက်အခဲများမှာ တူညီနေပါသည်။ ကျေးရွာတွင်းလမ်းမကောင်းသည့် ပြဿနာအားဖော်ထုတ်ရာတွင် မိုးတွင်းကာလတွင် မိုးရွာသွန်းမှုကြောင့်လမ်းမကောင်းခြင်း၊ လမ်းပြုပြင်ရန်အတွက်ရံပုံငွေမရှိခြင်း၊ ကျေးရွာအတွင်း ကူညီထောက်ပံ့ပေးမည့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ မရှိခြင်း၊ လယ်ဘေးဝဲယာတွင် ရေစီးရေလာကောင်းရန်အတွက် ရေမြောင်းကောင်းကောင်း မရှိခြင်းစသည့် အကြောင်းရင်းများကြောင့် ရွာတွင်းလမ်း မကောင်းသည့် ပြဿနာကို တွေ့ရှိရပါသည်။

အကျိုးရလဒ်အနေဖြင့် ရွာတွင်းလမ်းမကောင်းသည့်အတွက် ကျောင်းသားကျောင်းသူများကျောင်းသွား/ပြန် သွားလာရေးခက်ခဲခြင်း၊ သက်ကြီးရွယ်အိုများအတွက် သွားလာရန်ခက်ခဲခြင်း၊ လူမှုရေးကိစ္စများ/ကျန်းမာရေးကိစ္စများတွင် အချိန်မှီသွားလာရန်ခက်ခဲ ခြင်း၊ စသည့်အခက်အခဲများရင်ဆိုင်နေရပါသည်။

သို့ဖြစ်၍ ကျေးရွာတွင် ရွာတွင်းလမ်းများပြုပြင်ပေးပါက ကျေးရွာတွင်ဖော်ပြခဲ့ပြီးသော ပြဿနာများနှင့် အကျိုးဆက်များမဖြစ်ပေါ်အောင်တားဆီးနိုင်မည့်အပြင်၊ နောင်လာမည့်အနာဂတ်ကာလများတွင် ကျေးရွာအတွင်း ကျောင်းသူ/သားများ သွားလာရေးလွယ်ကူခြင်း၊ သက်ကြီးရွယ်အိုများနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ကျန်းမာရေးပြသရန် သွားလာရန်လွယ်ကူခြင်း စသည့် အကျိုးကျေးဇူးရရှိသွားမည်ဖြစ်သည်။ အချုပ်ဆိုရသော် ရွှေပြည်အေးကျေးရွာသူ/ သားများအားလုံးအတွက် သွားလာရေးလွယ်ကူသွားမည်ဖြစ်သည်။

## (၆-၈) နောင်(၅)နှစ်စာ မျှော်မှန်းချက်

| အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အုပ်စုအုပ်ချုပ်ရေးမှူးရုံး ပြုပြင်ရန် | ၁ | ကျေးရွာဆေးပေးခန်းအဆောက်အဦးအသစ်ဆောက်လုပ်ပေးရန် |
| ၂ | ရွာတွင်းလမ်းများပြုပြင်ရန် | ၂ | စာသင်ကျောင်းဆောင်ပြုပြင်ရန် |
| ၃ | ဆေးပေးခန်း အဆောက်အဦးပြုပြင်ရန် | ၃ | ရွာတွင်းလမ်းများပြုပြင်ရန် |
| ၄ | ကျောက်တံခါးပြုပြင်ရန် | ၄ | အုပ်စုအုပ်ချုပ်ရေးမှူးရုံး ပြုပြင်ရန် |
| ၅ | လမ်းကူးတံတားပြုပြင်ရန် | ၅ | မီးဖွားစရိတ်ထောက်ပံ့ပေးရန် |
| ၆ | ရိုးမြောင်းများပြုပြင်ရန် | ၆ | မီးသတ်ရေကန်ဆောက်ရန် |
| ၇ | မူကြိုစာသင်ကျောင်းပြုပြင်ရန် | ၇ | ရိုးမြောင်းများတူးဖော်ရန် |
| ၈ | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | ၈ | ဆင်းရဲချို့တဲ့သူများအတွက် လျှပ်စစ်မီးရရှိအောင်ပြုလုပ်ပေးရန် |
| ၉ | မီးသတ်ရေကန်တည်ဆောက်ရန် | ၉ | ပိတောက်မြိုင်ကျေးရွာသို့သွားသောလမ်းအားပြုပြင်ရန် |
| ၁၀ | လျှပ်စစ်မီးအိုး အကြီးလဲရန် | | |
| ၁၁ | လူနာတင်ကားပေးရန် | | |
| ၁၂ | သုသာန်ဇရပ်ပြုပြင်ရန် | | |
| ၁၃ | မင်္ဂလာခန်းမဆောင် ဆောက်ပေးရန် | | |
| ၁၄ | ကျေးရွာစာကြည့်တိုက်ဆောက်ရန် | | |
| | | | |
| | | | |

## (၆-ည) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း

| စဉ် | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား /အမျိုးသမီး) (အမျိုးသား+အမျိုးသမီး) | လူထုဗဟိုပြုစီမံကိန်းအတွက် အဆိုပြုသည့်ဦးစားပေးအဆင့် လိုက်လုပ်ငန်းများ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းခင်းရန်နှင့် ရွာချင်းဆက်လမ်းခင်းရန် | အမျိုးသား+အမျိုးသမီး | ရွာတွင်းလမ်းခင်းရန်နှင့် ရွာချင်းဆက်လမ်းခင်းရန် |
| ၂ | ရိုးမြောင်းနှင့်ကျောက်တံခါးပြုပြင်ရန် | ။ | ရိုးမြောင်းနှင့်ကျောက်တံခါးပြုပြင်ရန် |
| ၃ | လမ်းကူးတံတားပြုပြင်ရန် | ။ | လမ်းကူးတံတားပြုပြင်ရန် |
| ၄ | မီးသတ်ရေကန်အသစ်တည်ဆောက်ရန် | ။ | မီးသတ်ရေကန်အသစ် တည်ဆောက်ရန် |
| ၅ | မူကြိုစာသင်ကျောင်းပြုပြင်ရန် | ။ | မူကြိုစာသင်ကျောင်းပြုပြင်ရန် |
| ၆ | စာကြည့်တိုက်အသစ်ဆောက်လုပ်ရန် | ။ | စာကြည့်တိုက်အသစ်ဆောက်လုပ်ရန် |
| ၇ | သုသာန်ဇရပ်ပြုပြင်ရန် | ။ | သုသာန်ဇရပ်ပြုပြင်ရန် |

**ဦးစားပေးအစီအစဉ်ပြဇယားအားသုံးသပ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အမျိုးသားများနှင့်အမျိုးသမီးများမှ ကျေးရွာအခက်အခဲများကို တူညီစွာတင်ပြလာရာ တင်ပြလာသည့်လုပ်ငန်းများအား အစည်းအဝေးတက်ရောက်လာသော ကျေးရွာလူထု၏ သဘောထားဖြင့် မဲပေးရွေးချယ်ပြီး အကဲဖြတ်ခဲ့ပါသည်။ စုစုပေါင်းတင်ပြလာသော ကျေးရွာအခက်အခဲ (၇)မျိုးရှိပြီး ၄င်းတို့မှာ (၁) ရွာတွင်းလမ်းခင်းရန်နှင့် ရွာချင်းဆက်လမ်းခင်းရန် (၂) ရိုးမြောင်းနှင့် ကျောက်တံခါးပြုပြင်ရန် (၃) လမ်းကူးတံတားပြုပြင်ရန် (၄) မီးသတ်ရေကန်အသစ် တည်ဆောက်ရန် (၅) မူကြိုစာသင်ကျောင်းပြုပြင်ရန် (၆) စာကြည့်တိုက်အသစ်တည်ဆောက်ရန် (၇) သုသာန်ဇရပ်ပြုပြင်ရန် စသည့် လုပ်ငန်းများဖြစ်ပါသည်။ မဲပေးရာတွင် အစည်းအဝေးတက်ရောက်လာသူ အားလုံးပါဝင်လာနိုင်သည့် နည်းလမ်းကို အသုံးပြုခဲ့ပါသည်။

မဲပေးရွေးချယ်ရာတွင် ကျေးရွာအတွက် အမှန်တကယ်အလိုအပ်ဆုံးကို စဉ်းစားရွေးချယ်စေခဲ့ပါသည်။ ပါဝင်မဲပေးသူများမှလည်း သေချာစွာရွေးချယ်ပြီး လုပ်ငန်းများကိုနှိုင်းယှဉ် ရွေးချယ်မဲပေးခဲ့ရာတွင် ဦးစားပေး အဆင့်အလိုက် (၁) ရွာတွင်းလမ်းခင်းရန်နှင့် ရွာချင်းဆက်လမ်းခင်းရန် (၂) ရိုးမြောင်းနှင့် ကျောက်တံခါးပြုပြင်ရန် (၃) လမ်းကူးတံတားပြုပြင်ရန် (၄) မီးသတ်ရေကန်အသစ် တည်ဆောက်ရန် (၅) မူကြိုစာသင်ကျောင်းပြုပြင်ရန် (၆) စာကြည့်တိုက်အသစ်တည်ဆောက်ရန် (၇) သုသာန်ဇရပ်ပြုပြင်ရန် စသည့် လုပ်ငန်းများသည် ကျေးရွာ၏လိုအပ်ချက် အရှိဆုံးလုပ်ငန်းများဖြစ်ပါသည်။

## ၇။ ကျေးရွာအတွင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအဆင့်များနှင့် အစည်းအဝေးတက်ရောက်သူများစာရင်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင် တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက်နှင့် လူမျိုးစုအမည် | |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 14.3.2016 | 15.3.2016 | 78 | 119 | 197 | | |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 16.3.2016 | 16.3.2016 | 69 | 107 | 176 | | |
| ၃. ကျေးရွာအုပ်စုလုပ်ငန်း ဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 17.3.2016 | 17.3.2016 | 10 | 6 | 16 | | |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | မလို |
| ၅. မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကော်အထည်ဖော်ရေး ကော်မတီ၏ ဆုံးဖြတ်မှုကိုရွာသို့အသိပေးအကြောင်း ကြားသည့် အစည်းအဝေး | 6.6.2016 | 6.6.2016 | 12 | 18 | 30 | | |
| ၆. စီမံကိန်းလုပ်ငန်းခွဲ စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၆-၁. စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေး အစီအစဉ် ရေးဆွဲခြင်း | 7.6.2016 | 7.6.2016 | 12 | 18 | 30 | | |
| ၆-၂. ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း | 7.6.2016 | 7.6.2016 | 12 | 18 | 30 | | |
| ၆-၃. ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ်ရေးဆွဲခြင်း | 7.6.2016 | 7.6.2016 | 12 | 18 | 30 | | |
| ၆-၄. ပြင်/ထိန်းအစီအစဉ်ရေးဆွဲခြင်း | 7.6.2016 | 7.6.2016 | 12 | 18 | 30 | | |
| ၇. စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှုစောင့်ကြည့် လစဉ်အစည်းအဝေး | | | | | | | |
| ၇-၁. အစည်းအဝေး ပထမအကြိမ် | | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇-၂. အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇-၃. အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈. စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉. လူထုစစ်ဆေးပွဲ အစည်းအဝေး | | | | | | | |

### ၈။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









## ၉။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး (ကျေးရွာအဆင့်) | ရာထူး (ကျေးရွာအုပ်စုအဆင့်) | ဆက်သွယ်ရမည့်ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးငွေးဝင်း | စေတနာ့ဝန်ထမ်း | | 09-33028042 |
| ၂ | ဒေါ်ဇာဇာမြင့် | စေတနာ့ဝန်ထမ်း | | 09-797882789 |
| ၃ | ဦးလှရွှေ | အကြံပြုဖြေရှင်းရေး ကိုယ်စားလှယ် | အုပ်စုအဆင့်အကြံပြု ဖြေရှင်းရေးကော်မတီဥက္ကဋ္ဌ | 09-31017960 |
| ၄ | ဒေါ်ညွန့်စိန် | အကြံပြုဖြေရှင်းရေး ကိုယ်စားလှယ် | အုပ်စုအဆင့်အကြံပြု ဖြေရှင်းရေးအဖွဲ့ဝင် | 09-797882789 |
| ၅ | ဦးကျော်ငြိမ်း | စောင့်ကြည့်ကြီးကြပ်ရေး (ဥက္ကဋ္ဌ) | | 09-798224643 |
| ၆ | ဒေါ်စန်းမာကြည် | စောင့်ကြည့်ကြီးကြပ်ရေး (အတွင်းရေးမှူး) | | မရှိ |
| ၇ | ဒေါ်လင်းလင်းနွယ် | စောင့်ကြည့်ကြီးကြပ်ရေး (အဖွဲ့ဝင်) | | 09-254026564 |
| ၈ | ဦးအေးဇော် | ဝယ်ယူရေးဆပ်ကော်မတီ (ဥက္ကဋ္ဌ) | | 09-250097221 |
| ၉ | ဒေါ်လှဲ့ရည်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီ (မှတ်တမ်းထိန်း) | | 09-31012693 |
| ၁၀ | ဒေါ်ဖွေးဖွေးရှိန် | ဝယ်ယူရေးဆပ်ကော်မတီ (အဖွဲ့ဝင်) | | 09-31012066 |
| ၁၁ | ဦးသိန်းဆွေ | လည်ပတ်ထိန်းသိမ်းရေး (ဥက္ကဋ္ဌ) | | 09-31879376 |
| ၁၂ | ဒေါ်ဖင်မာဦး | လည်ပတ်ထိန်းသိမ်းရေး (အတွင်းရေးမှူး) | | 09-254226948 |
| ၁၃ | ဒေါ်မြင့်မြင့်ငွေး | လည်ပတ်ထိန်းသိမ်းရေး (အဖွဲ့ဝင်) | | မရှိ |
| ၁၄ | ဦးမြင့်သိန်း | စီမံကိန်းအထောက်အကူ ပြုကော်မတီဥက္ကဋ္ဌ | အုပ်စုစီထောက် ဥက္ကဋ္ဌ | 09-793551495 |
| ၁၅ | ဒေါ်ခင်မာလွင် | စီမံကိန်းအထောက်အကူ ပြုကော်မတီဥက္ကဋ္ဌ | အုပ်စုစီထောက် အဖွဲ့ဝင် | 09-797892268 |
| ၁၆ | ဦးအောင်စိုးမိုး | ကျေးရွာကိုယ်စားလှယ် | ဘဏ္ဍာရေးဆပ်ကော်မတီ စာရင်းကိုင် | 09-792230073 |
| ၁၇ | ဦးသန်းဇော် | ကျေးရွာငွေစာရင်းကိုင် | | 09-251083603 |

## ၁၀။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အနှစ်ချုပ်မှုရင်းကို VPSC တွင်ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန် အတွက်မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS data အနေဖြင့်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ ဦးစားပေးလဲ | လ/နှစ် | ကျေးရွာမှတာဝန်ခံသူ (သို့)အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းလမ်းခင်းရန်နှင့် ရွာချင်းဆက်လမ်းခင်းရန် | မ (√ )<br>ကျား (√ ) | ၂၀၁၆ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | လမ်းကူးတံတားပြုပြင်ရန် | မ (√ )<br>ကျား (√ ) | ၂၀၁၈ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | မီးသတ်ရေကန်အသစ် တည်ဆောက်ရန် | မ ( √ )<br>ကျား ( √ ) | ၂၀၁၉ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | မူကြိုစာသင်ကျောင်းပြုပြင်ရန် | မ (√ )<br>ကျား (√ ) | ၂၀၂၀ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၅ | စာကြည့်တိုက်အသစ် ဆောက်ရန် | မ (√ )<br>ကျား (√ ) | ၂၀၂၁ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၆ | သုသာန်ဇရပ်ပြုပြင်ရန် | မ (√ )<br>ကျား (√ ) | ၂၀၂၂ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၇ | | | | | |
| | | | | | | |
| အသက်မွေးဝမ်း ကြောင်းမှု/စီးပွားရေး | ၁ | ရိုးမြောင်းနှင့်ကျောက်တံခါး ပြုပြင်ရန် | မ (√ )<br>ကျား (√ ) | ၂၀၁၇ | စီ/ထောက်ကော်မတီ | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | | မ (√ )<br>ကျား (√ ) | | | |
| | ၃ | | မ (√ )<br>ကျား (√ ) | | | |
| | ၄ | | မ (√ )<br>ကျား (√ ) | | | |
| | ၅ | | မ (√ )<br>ကျား (√ ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့်ပညာရေး | ၁ | | မ (√ )<br>ကျား (√ ) | | | |
| | ၂ | | မ (√ )<br>ကျား (√ ) | | | |
| | ၃ | | မ (√ )<br>ကျား (√ ) | | | |
| | ၄ | | မ (√ )<br>ကျား (√ ) | | | |
| | ၅ | | မ (√ )<br>ကျား (√ ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ပညာရေး | ၁ | | မ (√ )<br>ကျား (√ ) | | | |
| | ၂ | | မ (√ )<br>ကျား (√ ) | | | |
| | ၃ | | မ (√ )<br>ကျား (√ ) | | | |
| | ၄ | | မ (√ )<br>ကျား (√ ) | | | |
| | ၅ | | မ (√ )<br>ကျား (√ ) | | | |
| | | | | | | |
| အခြား | ၁ | | မ (√ )<br>ကျား (√ ) | | | |
| | ၂ | | မ (√ )<br>ကျား (√ ) | | | |
| | ၃ | | မ (√ )<br>ကျား (√ ) | | | |
| | ၄ | | မ (√ )<br>ကျား (√ ) | | | |
| | ၅ | | မ (√ )<br>ကျား (√ ) | | | |

## ၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ အမည်၊ အဖွဲ့ | စုစုပေါင်း |
| ရွှေပြည်အေး | ရွာတွင်းလမ်း<br>ရွာချင်းဆက်လမ်း<br>ရိုစာလမ်း | 576"×12'×9"<br>4700"×12'×6" | 164 | အမျိုးသားနှင့်အမျိုးသမီး | 190,000 ကျပ်<br>9,200,000 ကျပ် | | | 11,100,000 ကျပ် |
| ငှက်ပျောတော | ရွာတွင်း(main) လမ်း ရိုစာလမ်း Culvert | 1800"×12'×9"<br>18"×5'×3" | 911 | အမျိုးသားနှင့်အမျိုးသမီး | 5,700,000 ကျပ်<br>220,000 ကျပ် | | | 7,900,000 ကျပ် |
| | | | | အမျိုးသား<br>အမျိုးသမီး<br>အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | အမျိုးသား<br>အမျိုးသမီး<br>အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | အမျိုးသား<br>အမျိုးသမီး<br>အမျိုးသားနှင့်အမျိုးသမီး | | | | |

## ၁၂။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

အရည်အသွေးထိန်းချုပ်သူအမည် -

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာရွက်စာတမ်းပြည့်စုံမှုကိုစစ်ဆေးပါ (OM အရ)

- o မျက်နှာဖုံး (အဖုံး)
- o မာတိကာ
- o ကျေးရွာအခြေခံအချက်အလက်များ
- o လူမှုဆန်းစစ်ခြင်းအကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- o အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- o ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- o အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု စသည်ဖြင့်)

နောက်ဆက်တွဲများ

- o လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)
- o မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ Venn ပုံ
- o ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမှတ်တမ်းမိတ္တူ
- o ကျေးရွာ၏အချက်အလက် (PC-1)
- o ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ကိုစစ်ဆေးပါ။

- o ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်ပါဝင်သောလူဦးရေ (အမျိုးသား/အမျိုးသမီး)
- o လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက် အသုံးပြုသည့်ရက်ပေါင်း
- o PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်
- o ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားလူနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- o လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား
    - ရှိ/မရှိ
- o စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- o PRAနှင့်သက်ဆိုင်သော အခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်)

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

***လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်း***

အစည်းအဝေးပြုလုပ်သည့်နေရာ » အောင်ချမ်းသာကျောင်းတိုက်၊ ရွှေပြည်အေးကျေးရွာ
အစည်းအဝေးပြုလုပ်သည့်အချိန် » နေ့လည် (၁:၀၀) မှ (၃:၂၀) ထိ
အစည်းအဝေးတက်ရောက်သူစာရင်း » ကျား (၇၈) ၊ မ (၁၁၉) ဦး

ပထမအကြိမ် စီမံကိန်းမိတ်ဆက်အစည်းအဝေးကို လယ်ဝေးမြို့နယ်၊ ရွှေပြည်အေးကျေးရွာ အုပ်စု ရွှေပြည်အေးကျေးရွာတွင် လူထုစည်းရုံးရေးမှူး ဦးဖြိုးသူနှင့် လက်ထောက်နည်းပညာမှူး ဒေါ်ငွမ်းနထွေးတို့မှ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် လူထုဗဟိုပြုစီမံကိန်း၏ အဓိပ္ပာယ်အားရှင်းပြခြင်း၊ စီမံကိန်း၏ ရည်ရွယ်ချက်များအား ရှင်းပြခြင်း၊ စီမံကိန်းစက်ဝန်းအား ရှင်းပြခြင်း၊ လူထုဗဟိုပြုစီမံကိန်း၏ ထောက်ပံ့ရံပုံငွေ စီးဆင်းပုံ၊ ကျေးရွာအနေဖြင့် ထောက်ပံ့ငွေရရှိရန်အတွက် ပြင်ဆင်ထားရှိရမည့် အချက် (၅)ချက်များအား ရှင်းပြခြင်း၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍများအား ရှင်းပြခြင်း၊ လူထုစည်းရုံးရေးနှင့် လက်ထောက်နည်းပညာမှူးတို့၏ တာဝန်ဝတ္တရားများ ရှင်းပြခြင်း၊ စီမံကိန်းတွင် ပါဝင်သူအားလုံး၏ ကျင့်ဝတ်(ဆောင်ရန်/ရှောင်ရန်) များအား ရှင်းပြခြင်း၊ လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်း၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းပြဆွေးနွေးခဲ့ပါသည်။ အထက်ဖော်ပြပါ အကြောင်းအရာများကို ဆွေးနွေးပြီးနောက်တွင် ရွှေပြည်အေးကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်းတွင် ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည့် အမျိုးသား(၃)ဦး၊ အမျိုးသမီး(၃)ဦးတို့ကို ကျေးရွာလူထုအား အဆိုပြုစေခဲ့ပါသည်။ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းကို ဒီမိုကရေစီနည်းလမ်းကျဖြစ်သော လျှို့ဝှက်မဲပေးခြင်းဖြင့် ရွေးချယ်ခဲ့ပါသည်။ ရွှေပြည်အေးကျေး ရွာသူ/သားများမှ ရွေးချယ်ပေးလိုက်သော ကျေးရွာစေတနာ့ဝန်ထမ်း (၂)ဦးမှာ ဦးဌေးဝင်းနှင့်ဒေါ်ဇာဇာမြင့်တို့ ဖြစ်ပါသည်။ ဤသို့ဖြင့် ပထမအကြိမ်စီမံကိန်းမိတ်ဆက် အစည်းအဝေးကို ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းအပြီး နေ့လည်(၃:၂၀)မိနစ်တွင် အဆုံးသတ်ခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းရေးသူ

ဖြိုးသူ
လူထုစည်းရုံးရေးမှူး
လူထုဗဟိုပြုစီမံကိန်း၊ လယ်ဝေးမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း၏ လူမှုဆန်းစစ်ခြင်းအစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်သည့်နေရာ » အောင်ချမ်းသာကျောင်းတိုက်၊ ရွှေပြည်အေးကျေးရွာ
အစည်းအဝေးပြုလုပ်သည့်အချိန် » နေ့လည် (၁:၀၀) မှ (၄:၄၅) ထိ
အစည်းအဝေးတက်ရောက်သူစာရင်း » ကျား (၆၁) ၊ မ (၁၀၃) ဦး

လူထုဗဟိုပြုစီမံကိန်း၏ လူမှုဆန်းစစ်ခြင်း(PRA) အစည်းအဝေးကို လယ်ဝေးမြို့နယ်၊ ရွှေပြည်အေးကျေးရွာအုပ်စု ရွှေပြည်အေးကျေးရွာတွင် လူထုစည်းရုံးရေးမှူး ဦးဖြိုးသူနှင့် လက်ထောက်နည်းပညာမှူး ဒေါ်ဂွမ်းနထွေးတို့မှ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် လူထုဗဟိုပြုစီမံကိန်း၏ လူမှုဆန်းစစ်ခြင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအားဦးစွာရှင်းပြခဲ့ပါသည်။ ထို့နောက်တွင် အစည်းအဝေးတက်ရောက်လာသူများအား လူအုပ်စုခွဲ၍ ကျေးရွာသမိုင်းကြောင်းဖော်ထုတ်ခြင်း (ကျား+မ)၊ ကျေးရွာလူမှုရေးနှင့် သယံဇာတပြမြေပုံ ရေးဆွဲခြင်း(ကျား+မ)၊ လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(ကျား+မ)၊ ရာသီခွင်ပြဇယား ရေးဆွဲခြင်း(ကျား+မ)၊ အမျိုးသားကဏ္ဍ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အမျိုးသမီးကဏ္ဍ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ (Venn Diagram) ဖော်ထုတ်ခြင်း (ကျား+မ) တို့ကိုဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်အပြီးတွင် အုပ်စုတစ်ဦးချင်းစီမှ ဦးဆောင်ဆွေးနွေးနိုင်မည့် အမျိုးသားတစ်ဦး(သို့) အမျိုးသမီးတစ်ဦးတို့ကို ရှေ့သို့ထွက်စေကာ မိမိတို့အုပ်စု(၁)ဖွဲ့ချင်းစီမှ လုပ်ဆောင်ခဲ့သော လူမှုဆန်းစစ်ခြင်းရလဒ်များကို ကျေးရွာလူထုအား ရှင်းပြခြင်း၊ အပြန်အလှန်ဆွေးနွေးစေစေခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက်တွင် လူထုစည်းရုံးရေးမှူး ဦးဖြိုးသူမှ အဖွဲ့(၁)ခုချင်းစီမှ တင်ပြဆွေးနွေးသွားသော လူမှုဆန်းစစ်ခြင်းရလဒ်များကို ပြန်လည်အနစ်ချုပ် ဆွေးနွေးခဲ့ပါသည်။ ထို့နောက်တွင် အစည်းအဝေးတက်ရောက်လာသူများအား အမျိုးသားနှင့်အမျိုးသမီးအုပ်စု(၂)ခုခွဲကာ ကျေးရွာအတွင်း အမျိုးသားလူထု၊ အမျိုးသမီးလူထုကြုံတွေ့နေသော အခက်အခဲများနှင့် ၎င်းကြုံတွေ့နေရသော အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ် စေခဲ့ပါသည်။

ပေါ်ထွက်လာသော အခက်အခဲများကို ပြဿနာသစ်ပင်ဖြင့် အကဲဖြတ်ဆန်းစစ်ပြီး၊ ကျေးရွာလူထုအတွက် မည်သည့်အခက်အခဲသည် အရေးကြီးဆုံးဖြစ်ကြောင်းကို ကျေးရွာသူ/သားများကို ကိုယ်တိုင်သေချာစဉ်းစားစေပြီး အမျိုးသား(၁)ဖွဲ့၊ အမျိုးသမီး(၁)ဖွဲ့ခွဲကာ မဲပေးကာ ရွှေပြည်အေးကျေးရွာ လူထုဗဟိုပြုစီမံကိန်း၏ ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ခဲ့ပါသည်။

ဤသို့ဖြင့် လူထုဗဟိုပြုစီမံကိန်း၏ လူမှုဆန်းစစ်ခြင်းအစည်းအဝေး၏ ရလဒ်များကို ကျေးရွာလူထုအား အနစ်ချုပ်ပြန်လည်ဆွေးနွေးပေးကာ အစည်းအဝေးကို ညနေ(၄:၄၅)မိနစ်တွင် အဆုံးသတ်ခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းရေးသူ
ဖြိုးသူ
လူထုစည်းရုံးရေးမှူး
လူထုဗဟိုပြုစီမံကိန်း၊ လယ်ဝေးမြို့နယ်

## *လူထုဗဟိုပြုစီမံကိန်း ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း*

အစည်းအဝေးပြုလုပ်သည့်နေရာ » အောင်ချမ်းသာကျောင်းတိုက်၊ ရွှေပြည်အေးကျေးရွာ
အစည်းအဝေးပြုလုပ်သည့်အချိန် » နေ့လည် (၁:၀၀) မှ (၆:၃၀) ထိ
အစည်းအဝေးတက်ရောက်သူစာရင်း » ကျား (၆၁) ၊ မ (၁၀၃) ဦး

လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယအကြိမ်အစည်းအဝေးကို လယ်ဝေးမြို့နယ်၊ ရွှေပြည်အေးကျေးရွာ အုပ်စု ရွှေပြည်အေးကျေးရွာတွင် လူထုစည်းရုံးရေးမှူးဦးဖြိုးသူနှင့် လက်ထောက်နည်းပညာမှူး ဒေါ်ဝွမ်းန ထွေးတို့မှ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းလုပ်ငန်းခွဲများ ကို ဦးစီးဦးဆောင် လုပ်ကိုင်မည့် ကော်မတီဝင်များဝင်များ ရွေးချယ်ရခြင်း၏ အကြောင်းအရင်းများကို ရှင်းပြ ရာတွင် စီမံကိန်း၏ ကော်မတီဖွဲ့စည်းပုံကို ဦးစွာချပြဆွေးနွေးခဲ့ပါသည်။ ထို့နောက်တွင် ကော်မတီဝင်တစ်ဦး ချင်းစီ၏ တာဝန်ဝတ္တရားများကို ချပြဆွေးနွေးပြီး ကျေးရွာအတွင်းမှ အဆိုပါ တာဝန်ဝတ္တရားများကို တာဝန် ယူဆောင်ရွက်နိုင်မည့် အမျိုးသား(၃)ဦး၊ အမျိုးသမီး(၃)ဦးစီတို့ကို အဆိုပြုစေကာ အများသဘောတူ မဲပေး ရွေးချယ်ခြင်းဖြင့် ကော်မတီအဖွဲ့တစ်ခုချင်းစီကို ဖွဲ့စည်းခဲ့ပါသည်။

ထို့သို့ရွေးချယ်ရာတွင် စီမံကိန်း၏ ကျင့်ဝတ်၊ ကျားမ တန်းတူညီမျှမှုကို အခြေခံကာ ကော်မတီ(၁)ခု ချင်းစီတွင် အမျိုးသားဦးရေ၊ အမျိုးသမီးဦးရေ တန်းတူညီမျှပါဝင်အောင် ဆောင်ရွက်ခဲ့ပါသည်။ ရွှေပြည်အေး ကျေးရွာတွင် စီမံကိန်းအထောက်အကူပြုကော်မတီဝင် စုစုပေါင်း (၁၇)ဦး ပါဝင်ပါသည်။

ဤသို့ဖြင့် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယအကြိမ်အစည်းအဝေးကို ကျေးရွာစီမံကိန်းအထောက် အကူပြုကော်မတီ ဖွဲ့စည်းခြင်းဖြင့် အစည်းအဝေးကို ည(၆:၃၀)မိနစ်တွင် အဆုံးသတ်ခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းရေးသူ



ဖြိုးသူ
လူထုစည်းရုံးရေးမှူး
လူထုဗဟိုပြုစီမံကိန်း၊ လယ်ဝေးမြို့နယ်